တက္ကသိုလ်

# သီဟအောင်

# မျက်ကန်းမေတ္တာ

ပ+ဒု
တတ်သိမ်း



## (ပထမပိုင်း)
## အရက်သမား

"ဂျိန်း"

မိုးခြိမ်းသံထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်ပန်းများဝင်းလက်သွားလေ၏။

မကောင်းဆိုးဝါးတစ်ကောင်က လက်သည်းရှည်ကြီးများဖြင့် မိုးကောင်းကင်ကြီးကို ဆုတ်ဖြဲပစ်လိုက်သည့်အလား။

တိမ်ညိုတိမ်မည်းများက မိုးလုံးပြည့်အောင် ဖုံးလွှမ်းလာလေ၏။

အေးစိမ့်သော လေသံများက တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်လာသည်။

များမကြာမီ

"ဝေါ . . . ဝေါ. . . .. ဝေါ"

" ဟူး . . . .ဟူး . . .. ဟူး"

"ဗြိုး. . .. .ဗြိုး. . .. .ဗြိုး"

မိုးသက်လေပြင်း ကျရောက်လာလေသည်။

မိုး သ ည်း ထ န် စွာ ရွာသွန်းလာချိန်တွင် ပုကျူး၏ အရက်ဆိုင်အတွင်း၌ လူရှင်းနေ၏။

ဆိုင်ထောင့်တစ်နေရာ၌ အရက်ထိုင်သောက်နေသူ တစ်ယောက်သာလျှင် ရှိလေသည်။

ထိုလူမှာ ခန္ဓာကိုယ်ပိန်ပါးပါး လူမမာနှင့် တူသူဖြစ်သည်။

ထိုသူ၏အသားအရည်များသည် ဖြူဖတ်ဖြူရော်ဖြစ်နေရုံသာမက ဝါကျင့်ကျင့် ဖြစ်နေသည်ဟုပင် ထင်ရလေသည်။

ထိုလူသည် အသက်သုံးဆယ်ကျော်ခန့်ရှိသည်။

စာပေသမားတစ်ယောက်နှင့် တူသည်။

သို့သော်......

အရက်ကို ခုံခုံမင်မင် စွဲစွဲလမ်းလမ်း သောက်နေသော အရက်သမားတစ်ယောက် ဖြစ်နေပါတော့သည်။

အရက်သမားသည် ပြတင်းပေါက်ဘောင်ကို လက်တင်ကာ အပြင်ဘက်သို့ငေးကြည့်နေ၏။

တဖွဲဖွဲလွင့်စင်လာသော မိုးရေစက်များသည် သူ၏လက်ကိုဝင်လာလေသည်။

အေးမြသောလေကလည်း ပြတင်းပေါက်ကိုဖြတ်ကျော်၍ တိုးဝင်လာ၏။

အရက်သမား၏တစ်ကိုယ်လုံး အေးစက်နေသည်။

သူထိုင်နေပုံမှာ အသက်ကင်းမဲ့သော ကျောက်ရုပ်တစ်ရုပ်နှင့်ပင်တူလှသည်။

အရက်ခွက်ကိုယူကာ တစိမ့်စိမ့်သောက်နေလျက် ထိုင်လျက်အသက်ပျောက်သွားပြီဟုပင် ဆိုနိုင်၏။

အရက်ထည့်လိုက် အရက်သောက်လိုက် အရက်ခွက်ကိုစားပွဲပေါ်ပြန်ချထားလိုက် လုပ်နေ၍သာ သက်ရှိလူသားတစ်ဦးဟု သိနိုင်ခြင်းဖြစ်လေသည်။

စားပွဲပေါ်တွင် အရက်တစ်အိုးနှင့် အရက်ခွက်တစ်ခွက်သာရှိ၏။

အရက်နှင့်မြည်းဖို့ စားသောက်စရာဘာမှမရှိပါ။

အရက်အိုးတွင် တံဆိပ်အနီကပ်ထားသဖြင့် ဆန်ဖြင့်ချက်သောအလွန်ပြင်းသည့်အရက်ဖြစ်ကြောင်း ထင်ရှားနေသည်။

အမြည်းမစား စကားမပြောဘဲ အရက်ပြင်းကိုသာတစ်ခွက်ပြီးတစ်ခွက် သောက်နေခြင်းကြောင့် အရက်သမားပီသလှသူဖြစ်ပါတော့သည်။

မိုးသားတိမ်လိပ်များပို၍ ထူထပ်လာသည်။

အလင်းရောင် အားနည်းသွားသည်။

ရာသီဥတုဆိုးဝါးသောအချိန်ကာလမျိုးတွင် လူသားတို့၏ စိတ်အစဉ်သည်လည်း ရွှင်ရွှင်ပျပျ ရှိနိုင်မည်မဟုတ်ပါ။

အရက်သမားသည်တဝေါဝေါကျဆင်းနေသော မိုးရေစက်များကိုကြည့်ရင်း ကဗျာတစ်ပုဒ် ရွတ်ဆိုလိုက်သည်။

ထိုကဗျာသည် ရှေးစာဆိုရှင်တစ်ဦး၏ကဗျာဖြစ်သည်။

ပျောက်ဆုံးသွားသော အရုပ်ကလေးတစ်ရုပ်အတွက် ပူဆွေးတမ်းတနေသော ကလေးငယ် တစ်ယောက်အကြောင်းကို စိတ်ဝင်စားစရာကောင်းအောင် ဖွဲ့နွဲ့စပ်ဆိုထားခြင်းဖြစ်၏။

ထိုကဗျာမှာ သားချော့တေးအသွင်လည်းသီဆိုရပေရာ အိမ်ထောင်ရှင်အမျိုးသမီးတိုင်းလိုလို ရထားသောကဗျာလည်းဖြစ်လေသည်။

အရက်သမားသည် ထိုကဗျာကို အဘယ်ကြောင့်ရွတ်ဆိုနေရပါသနည်း။

ကဗျာရွတ်ဆိုနေချိန်၌ အရက်သမား၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များဖြစ်ပေါ်လာသည်မှာ အဘယ်ကြောင့်ပါနည်း။

အရက်သမားက ငေးငိုင်နေဆဲ

ရုတ်တရက် သူ၏မျက်နှာ ရှုံ့မဲ့သွားပြီး

"အဟွတ်.. အဟွတ်"

ချောင်းတဟွတ်ဟွတ်ဆိုးလာလေတော့သည်။

*

မိုးသံလေသံနှင့်အပြိုင် ချောင်းဆိုးသံများထွက်ပေါ်လာလေသည်။

အရက်သမားသည် အဆက်မပြတ်ချောင်းဆိုးနေ၏။

ချောင်းဆိုးလိုက်ရလွန်းသဖြင့် ခါးကိုင်းပြီးမျက်ရည်များပင် ရစ်ဝိုင်းလာသည်။

မျက်နှာတစ်ခုလုံးလည်း ရဲရဲနီလာလေသည်။

အရက်သမားသည် အဆက်မပြတ်ချောင်းဆိုးလိုက်ပြီး မောဟိုက်သွားဟန်ရှိလေသည်။

တစ်ရက်တစ်ခွက်ထည့်ကာ သောက်လိုက်လေသည်။

ထိုစဉ်..

“ကောင်းပြီ.. မင်းအရက်သောက်တာ တော်သင့်ပြီ ထင်တယ်၊ ဒီအတိုင်းသာဆက်ပြီး သောက်မယ်ဆိုရင် မင်းသက်ဆိုးရှည်မှာမဟုတ်ဘူး”

ဆိုင်ရှင်ပုဏ္ဏားက အနီးသို့ရောက်လာပြီး ဖျောင်းဖျလိုက်သည်။

ပုဏ္ဏားမှာ အသက်လေးဆယ်ကျော်ခန့်ရှိကာ ဝက်တစ်ကောင်ပမာ ဆူဖြိုးဝဖိုင့်သူဖြစ်လေသည်။

အရက်သမားနှင့်ရင်းနှီးကျွမ်းဝင်နေပုံလည်းရလေ၏။

ကောင်းလီဆိုသော အရက်သမား ပြုံးလိုက်သည်။

“အရက်ဟာ ကျုပ်အတွက် အကောင်းဆုံးအဖော်ပါလို့ ပြောခဲ့ပြီးပါပြီဗျာ”

ဆိုင်ရှင်ပုဏ္ဏားက

“မင်းကို ငရဲပြည်ခေါ်သွားမယ့်အဖော်ပဲ”

ဟုပြောလိုက်သည်။

အရက်သမားကောင်းလီက ရယ်မောကာ အရက်တစ်ခွက်ငှဲ့သောက်လိုက်သည်။

အရက်ငှဲ့ပြီးသောအခါ အရက်အိုးထဲ၌ အရက်တစ်စက်မှမကျန်တော့ပါ။

ကောင်းလီက အရက်ခွက်ကိုယူကာ မော့သောက်လိုက်၏။

အရက်ကိုကြိုက်၍လော..

ကောင်းလီသောက်နေပုံမှာ တစ်ကိုယ်လုံးကို အရက်နှင့်ဖျော်ပစ်လိုက်တော့မည့်အသွင်မျိုး ဖြစ်နေ၏။

အလွန်ပြင်းသောအရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်သော်လည်း အနည်းငယ်မျှ ယိုင်သွားသည့်အသွင်မရှိပါ။

သူက

"အရက်တစ်အိုးပေးပါဦးဗျာ"

ဟုပြောကာ ငွေတုံးလေးတစ်တုံးထုတ်၍ စားပွဲပေါ်တင်လိုက်သည်။

ပုကျူးခေါင်းခါလိုက်သည်။

"မင်း ငွေဘယ်လောက်ပေးပေး မရောင်းနိုင်တော့ဘူးကွ"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

သူက ပုကျူးအား ကြည့်လိုက်၏။

ပုကျူးက အမှန်ပင်အရက် မရောင်းတော့မည် ဟုတ်မှန်း ထင်ရှားနေ၏။

သူ သက်ပြင်းချလိုက်၏။

ငွေတုံးလေးကိုကောက်ယူ သိမ်းဆည်းကာ ထိုင်ရာမှထလိုက်သည်။

ပုကျူးက

"မင်း ဘယ်သွားမလို့လဲ"

ဟုမေးလိုက်သည်။

အမှန်တွင် ထိုမေးခွန်းသည် မေးစရာမလိုကြောင်း ပုကျူးနားလည်

ထားသည်။

သူ၏ဆိုင်၌ အရက်မရနိုင်လျှင် အရက်ရနိုင်မည့်နေရာကို သူသွားတော့မည် မဟုတ်ပါလား။

"မင်း"

ပုကျူးက တစ်စုံတစ်ခုပြောဟန်ပြုပြီးမှ မပြောဘဲနေလိုက်သည်။

သူသည် ပုကျူး၏ပခုံးကိုဖက်ကာ ဆိုင်တံခါးဆီသို့လှမ်းသွားလိုက်သည်။

ပုကျူးခေါင်းငိုက်စိုက်ချထားပြီး

"ကောင်းလီ၊ မင်း ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေရတာလဲ"

ဟု ညည်းတွားလိုက်သည်။

မိုးသက်လေပြင်းမှာ သူ့ကိုဟန့်တားခြင်းမပြုနိုင်ပါ။

သူသည် ဆိုင်ထဲမှခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

"ဂျိန်း"

ကျယ်လောင်စွာမြည်ဟီးကာ မိုးကြိုးပစ်ချလိုက်၏။

မိုးသက်လေပြင်းက အရှိန်ကောင်းလာ၏။

လမ်းပေါ်တွင် ရေစီးကြောင်းများရှုံ့ဗွက်များဖြစ်ပေါ်လာသည်။

လမ်း၏တစ်ဘက်တစ်ချက်ရှိ အိမ်များကား တံခါးပိတ်ထားကြသည်။

လမ်းပေါ်တွင် လူသွားလူလာမဆိုထားနှင့် လေလွင့်ခွေးများပင်မမြင်

ရပါ။

ကောင်းလီက ပုကျူး၏အရက်ဆိုင်လေးကို ကျောခိုင်း၍ထွက်လာခဲ့သည်။

အရက်ဆိုင်နှင့်မလှမ်းမကမ်းသို့ရောက်လျှင် သူ၏ခြေလှမ်းများ တုံ့ခနဲရပ်သွား၏။

အကြောင်းမှာ လမ်းပိတ်ရပ်နေသူတစ်ဦးကို မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

သူက ထိုလူကိုကြည့်လိုက်သည်။

ထိုလူသည် ခမောက်ဆောင်းထားပြီး မိုးကာဝတ်ရုံလွှမ်းခြုံထားသည်။

ခမောက်သည် မျက်နှာတစ်ဝက်ဖုံးနေသဖြင့် မည်သူမည်ဝါဖြစ်သည်ကို ရုတ်တရက်မသိနိုင်ပါ။

ကောင်းလီအကဲခတ်ကြည့်နေစဉ်မှာပင် ထိုလူ့ထံမှစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ခင်ဗျားက အရက်လိုက်ရှာမလို့မဟုတ်လား"

ကောင်းလီပြုံးလိုက်၏။

"ဟုတ်ပါတယ်ဗျာ"

ထိုလူက

"ကျုပ်မှာ အရက်ရှိတယ်ဆိုရင်ရော"

"သိပ်ကောင်းတာပေါ့ဗျာ"

"ခင်ဗျားသောက်ချင်ရင် ကျုပ်တိုက်မယ်၊ ကျုပ်နောက်ကိုလိုက်ခဲ့မလား"

ကောင်းလီ ခေါင်းညိတ်လိုက်သည်။

ထိုလူသည် မည်သူမည်ဝါဖြစ်သည်ကိုသူမသိပါ။

အဘယ့်ကြောင့် သူ့အားအရက်တိုက်လိုသည်မသိပါ။

ကောင်းလီ မစဉ်းစားပါ။

အရက်နှင့်ပတ်သက်လာလျှင် ငရဲပြည်သို့သွားရလျှင်ပင် သူက ဝန်လေးမည်မဟုတ်ပါချေ။

ထိုလူက

"အရက်ကောင်းကောင်းရှိတယ်။ ကျုပ်နောက်လိုက်ခဲ့"

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွား၏။

ကောင်းလီက ကောက်ကာငင်ကာပါအောင်လိုက်သွားလေတော့သည်။

မိုးသက်လေပြင်းကား အားကောင်းနေဆဲ။

ခမောက်ဆောင်းထားသူက ရှေ့မှခြေလှမ်းမှန်မှန်ဖြင့် သွားနေသော ကောင်းလီကို မလှမ်းမကမ်းမှ လိုက်သွားလေသည်။

သို့ဖြင့်..

အတန်ကြာသွားမိသောအခါ ပြိုပျက်နေသောအဆောက်အဦးတစ်ခု ရှေ့သို့ ရောက်ရှိလာလေသည်။

ခမောက်ဆောင်းထားသူခြေလှမ်းရပ်ကာ ကောင်းလီကိုလှည့်ကြည့်

လိုက်သည်။

"အရက်က ခေါင်မိုးပေါ်မှာရှိနေတယ်"

အဆောက်အဦးပျက်၏ခေါင်မိုးပေါ်သို့ ညွှန်ပြကာပြောလိုက်လေသည်။

ကောင်းလီလှည့်ကြည့်လိုက်သောအခါ ခေါင်မိုးပေါ်၌ အရက်အိုးတစ်လုံးရှိနေသည်ကို တွေ့လိုက်ရ၏။

"ဟား ဟား ဟား"

သူက သဘောကျစွာရယ်မောလိုက်သည်။

ထိုလူက..

"မက်မန်းအရက်ဗျ၊ ကောင်းလဲကောင်းတယ်၊ ပြင်းလဲပြင်းတယ်ဗျ၊ ခင်ဗျားသောက်ချင်ရင် ခေါင်မိုးပေါ်တက်ခဲ့ပါ"

စကားဆုံးလျှင် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ရာ ငှက်တစ်ကောင်ပျံတက်သွားသည့်ပမာ ခေါင်မိုးပေါ်သို့ရိပ်ခနဲရောက်ရှိသွား၏။

ကောင်းလီက

"မက်မန်းအရက်ဆိုရင် သိပ်ကောင်းတာပေါ့"

သူကလည်း ခန္ဓာကိုယ်လှုပ်ရှားလိုက်လျှက် ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေသည်။

ခေါင်မိုးပေါ်၌အရက်အိုးကို ရှေ့မှာထားကာ နှစ်ဦးသား မျက်နှာချင်းဆိုင်ထိုင်ချလိုက်ကြလေသည်။

အဆောက်အဦးပျက်၏ ခေါင်မိုးမှာလည်း ပျက်စီးယိုယွင်းနေပြီဖြစ်ပါသည်။

ထုတ်တန်းများသည်လည်း ဆွေးမြည့်နေပြီး အချို့မှာကျိုးပြတ်ကာ တွဲလောင်းကျနေ၏။

ခေါင်းမိုးပေါ်၌ တက်ထိုင်ရသည်မှာ လွယ်ကူသောကိစ္စတော့မဟုတ်ချေ။

ခေါင်မိုးသည် အချိန်မရွေး ပြိုကျသွားနိုင်သည်မဟုတ်ပါလား။

ကောင်းလီက နေရာထိုင်ခင်းပေးထားသည့်ပမာ အေးဆေးထိုင်ချလိုက်သလို ခမောက်ဆောင်းထားသူကလည်း ထိုနည်းအတိုင်းတက်ဖြစ်သည်။

သူတို့နှစ်ဦးလုံး ကိုယ်ဖော့ပညာအလွန်ကောင်းသူများဖြစ်ကြောင်း ထင်ရှားပါသည်။

ခမောက်နှင့်လူက

“ဒီနေရာမှာ အရက်ခွက်တော့မရှိဘူးဗျ”

ဟုပြောလိုက်သည်။

ကောင်းလီက

“ကိစ္စမရှိပါဘူး၊ အရက်ရှိတယ်ဆိုရင် ပြီးတာပဲ”

သူက အရက်အိုးကိုလက်နှစ်ဖက်ဖြင့် မ ယူ၍ အိုးလိုက်မော့သောက်လိုက်သည်။

ခမောက်နှင့်လူက ခေါင်းမော့လိုက်သဖြင့် သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပနေသည်ကို တွေ့နိုင်၏။

ကောင်းလီ အရက်သောက်ပုံကိုကြည့်၍..

"မက်မန်းအရက် ကောင်းရဲ့လားဗျ"

ဟုမေးလိုက်သည်။

ကောင်းလီက သုံးလေးကျိုက်မျှ သောက်ပြီးလျှင် နှုတ်ခမ်းထောင့်မှ စီးကျလာသည့် အရက်များကို လက်ခုံဖြင့်သုတ်ပစ်လိုက်သည်။

သူ၏မျက်နှာပြုံးရွှင်နေသည်။ အရက်အိုးကိုပြန်ချ၍

"ကောင်းလိုက်တဲ့အရက်"

ဟု ချီးကျူးလိုက်၏။

ထိုလူက

အရက်ထဲမှာ အဆိပ်ခတ်မှာမကြောက်ဘူးလား"

ဟုမေးသည်။

ကောင်းလီက

"အဆိပ်ရှိတဲ့သတ္တဝါတွေရဲ့အသားဟာ ပိုပြီးချိုတယ်တဲ့၊ အဆိပ်ခတ်တဲ့အရက်ကလည်း သာမန်အရက်ထက် ပိုကောင်းနေမှာပေါ့"

ထိုလူက

"အရက်အိုးထဲမှာ အဆိပ်ခတ်ထားရင် ခင်ဗျားသေသွားလောက်ပါပြီဗျာ"

ကောင်းလီက ဘာမှမပြောဘဲ နေလိုက်သည်။

ထိုလူက

"ခင်ဗျားရဲ့အရက်သောက်တဲ့ပညာကိုတော့ မချီးကျူးဘဲမနေနိုင်ပါဘူးဗျာ၊ ဒါပေမဲ့ အရက်သမားတစ်ယောက်ရဲ့ သိုင်းပညာဟာ ထက်မြက်

နေမယ်ဆိုတာတော့ ကျုပ်သိပ်မယုံချင်ဘူး”

ကောင်းလီငြိမ်နေဆဲ။

ထိုလူ ဆက်ပြောသည်။

“ကောင်းလီရဲ့ဓားတစ်ချက်ဆိုတဲ့သိုင်းကွက်ဟာ သိုင်းလောကမှာ အတော်နာမည်ကြီးပါတယ်။ နာမည်ကြီးသလို လက်တွေ့အစွမ်းထက်မြက်မှုရှိရဲ့လားဆိုတာ ကျုပ်စမ်းသပ်ကြည့်ချင်တယ်”

သူက သက်ပြင်းချ၍ အရက်အိုးကိုလက်နှစ်ဖက်ဖြင့် မ ယူပြီး တစ်ကျိုက်မော့လိုက်ပြန်သည်။

ခမောက်နှင့်လူသည် သူအရက်သောက်ပြီးသည်အထိ စောင့်နေပြီးမှ..

“ကျုပ်စမ်းသပ်ကြည့်တော့မယ်၊ ခင်ဗျား ရှောင်နိုင်ရင်ရှောင်ပေတော့”

ဟုပြော၍ လက်ဝှေ့ယမ်းလိုက်သည်။

ဝင်းလက်တောက်ပသော အလင်းရောင်များထွက်ပေါ်လာသည်။

ထိုလူ၏လက်ထဲ၌ လွန်စွာမှပင် ထက်မြက်လှသည့် ဓားတစ်လက်ပါလာသည်။

ထိုလူသည် လက်ဆန့်ထုတ်၍ ဓားဖြင့်ကောင်းလီ၏ရင်ဝကို ထိုးသွင်းလိုက်၏။

သူ၏လှုပ်ရှားမှုလျင်မြန်လှသည်ဖြစ်ရကား ကောင်းလီသေဆုံးသွားမည်ထင်ရ၏။

သို့သော်

ကောင်းလီ၏တုံ့ပြန်မှုက ထိုလူ၏တိုက်ခိုက်မှုထက်ပင်ပို၍ လျင်မြန်နေပါသည်။

သူ၏ဝဲဘက်လက်ကို ရှေ့ဆန့်ထုတ်လိုက်သောအခါ လက်သည်သာမန်ထက်ပိုပြီး ရှည်ထွက်လာသည်ဟုပင်ထင်ရ၏။

ကောင်းလီ၏လက်ဝါးချောင်းသည် ထိုလူ၏ဓားကိုင်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ပြီးသား ဖြစ်သွား၏။

သူကလက်ကို တစ်ချက်လှည့်လိုက်သည်နှင့် ထိုလူကိုင်ထားသည့်ဓားသည် ကောင်းလီအား ချိန်ရွယ်ထားရာမှ သူ၏ရင်ဝသို့ ပြန်လည်ချိန်ရွယ်ပြီးသားဖြစ်သွားသည်။

ထိုလူမှာကိုယ့်ဓားနှင့်ကိုယ် အဆုံးစီရင်ခံရတော့မည့်အခြေအနေရောက်ရှိသွားသည်။

"ဟင်"

ထိုလူ လွှတ်ခနဲအော်မိ၏။

"ဒေါက်"

ဓားကို ကပျာကယာလက်လွှတ်လိုက်သဖြင့် ပေါက်ပြဲနေသောအိမ်ခေါင်မိုးမှတစ်ဆင့် အောက်သို့ထိုးကျသွားသည်။

ကောင်းလီက ထိုလူ၏လက်ကောက်ဝတ်ကိုလွှတ်လိုက်၏။

အရက်အိုးကိုကောက်ယူပြီး မော့သောက်လိုက်တော့၏။

*

ကောင်းလီက အရက်ကိုအငမ်းမရသောက်နေ၏။

တစ်ခဏအတွင်းမှာပင် အရက်တစ်အိုးလုံး တက်တက်စင်ပြောင် သွား၏။

ကောင်းလီသည် အရက်အိုးကိုချထားလိုက်ပြီး ခမောက်ဆောင်း ထားသောသူကို ပြုံးပြလိုက်၏။

"အတော်ကောင်းတဲ့အရက်ပဲ၊ ကျေးဇူးတင်ပါတယ်ဗျာ" ဟုပြော လိုက်သည်။

သူ့အား လုပ်ကြံဖို့ကြိုးစားသည်ကိုပင် အမှုမထားဘဲအရက်တစ်အိုး တိုက်ခဲ့ခြင်းကြောင့် ကျေးဇူးတင်စကားပြောလိုက်သည်။

ထိုလူငြိမ်နေ၏။

ကောင်းလီက

"အရက်ကုန်သွားပြီ၊ ကျုပ်သွားတော့မယ်"

ဟုပြောကာ ခေါင်မိုးပေါ်မှခုန်ဆင်းရန် ဟန်ပြင်လိုက်သည်။

ထိုအခါမှ

"ခဏနေပါဦး"

ထိုလူက လှုပ်လှုပ်ရှားရှားဖြင့် ဟန့်တားလာ၏။

ကောင်းလီက

"ခင်ဗျား ဘာပြောချင်သေးလို့လဲ"

ထိုလူက

"ကျုပ်က ခင်ဗျားကိုလုပ်ကြံဖို့ ကြိုးစားခဲ့တယ်။ ခင်ဗျားက ကျုပ်

အပေါ် ဘယ်လိုမှ သဘောမထားဘူးလား”

ဟုမေးလေသည်။

ကောင်းလီက ရယ်လိုက်၏။

“ခင်ဗျားက လုပ်ကြံဖို့ကြိုးစားခဲ့ပေမယ့် အောင်မြင်ခဲ့တာမှမဟုတ်ဘဲ ကျုပ်ဘာလုပ်ရမှာလဲ”

ထိုလူက

“ကျုပ်သာ အောင်မြင်သွားရင် ခင်ဗျားသေပြီးပေါ့”

ကောင်းလီက ပခုံးတွန့်လိုက်သည်။

ထိုလူက

“ကျုပ်ကဘာကြောင့် လုပ်ကြံဖို့ကြိုးစားရတယ်၊ ကျုပ်ကိုဘယ်သူက ခိုင်းတယ်၊ ဒါတွေ ခင်ဗျားမသိချင်ဘူးလား”

ကောင်းလီက

“ကျုပ်သိချင်တော့ရော ခင်ဗျားပြောပြမှာလား”

ထိုလူ ငြိမ်ကျသွား၏။

ကောင်းလီက

“ခင်ဗျားပြောမှာမဟုတ်ဘဲ ကျုပ်မေးတော့ရော အပိုပဲမဟုတ်လား၊ ကျုပ်ကိုလုပ်ကြံဖို့ ကြိုးစားတာ ခင်ဗျားတစ်ဦးတည်းမဟုတ်ဘူး၊ ကျုပ် လုပ်ကြံခံရတာလဲ ခုတစ်ကြိမ်တည်းမဟုတ်ဘူး၊ ကျုပ်အတွက် မဆန်း တော့ပါဘူး”

ထိုလူ သက်ပြင်းချလိုက်၏။

“ဟုတ်တယ်၊ ခင်ဗျားမေးလဲ ကျုပ်ကပြောမှာမဟုတ်ဘူး၊ ကျုပ်က ကြေးစားတစ်ဦးပဲ၊ ခင်ဗျားကို လုပ်ကြံဖို့ အခကြေးငွေကို ထိုက်ထိုက်တန်တန်ယူခဲ့တယ်၊ တာဝန်ကိုတော့ ကျေပွန်အောင် မထမ်းဆောင်နိုင်ခဲ့ဘူး”

ကောင်းလီ မျက်မှောင်ကြုတ်သွား၏။

“ခင်ဗျားက”

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

အကြောင်းမှာ ထိုလူသည် ဓားမြောင်တစ်လက်ဆွဲထုတ်၍ သူ့ရင်ဝကိုပြန်လည်ထိုးစိုက်ချလိုက်သည်။

ကောင်းလီ ဟန့်တားဖို့အချိန်မရလိုက်ပါ။

ဓားမြောင်သည် ဓားရိုးအထိ နစ်မြုပ်ဝင်သွားကာ ရင်သားတစ်ခုလုံး သွေးချင်းချင်းနီရဲသွားသည်။

ကောင်းလီစိတ်မကောင်းဖြစ်သွားသည်။

ဦးခေါင်းသွင်သွင်ခါယမ်းပြီး

“ခင်ဗျားရဲ့လုပ်ရပ်အပေါ်မှာ ကျုပ်ဘယ်လိုမှသဘောမထားပါဘူးလို့ ပြောပြီးပြီပဲဗျာ၊ ဒီလောက်အထိ မလိုပါဘူး”

ဟုပြောလိုက်သည်။

ထိုလူက ဝေဒနာကိုကြိတ်မှိတ်ခံစားရင်းက

“ကြေးစားတစ်ယောက်ဟာ ကိုယ်လုပ်တဲ့အလုပ်အောင်မြင်ရမယ်၊ မအောင်မြင်ဘူးဆိုရင် သေရဖို့ပဲရှိတယ်၊ မအောင်မြင်ဘဲ အသက်ရှင်နေမယ်ဆိုရင်လည်း ဘယ်သူကမှ လက်ခံမှာမဟုတ်ဘူး”

ကောင်းလီ ငိုင်သွားသည်။

သူ ငေးကြည့်နေစဉ်မှာပင် ထိုလူ၏ခန္ဓာကိုယ်မှာ တအိအိဖြင့် ရှေ့သို့ ငိုက်ကျသွားကာ အသက်ပျောက်သွားလေတော့သည်။

*

# သူဌေးသား

လုံရန်မြို့။

ထိပ်တန်းစားသောက်ဆိုင်။

လုံရန်မြို့လယ်ရှိ ထိပ်တန်းစားသောက်ဆိုင်မှာ အလွန်ကျော်ကြားသော စားသောက်ဆိုင် ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူများ အနားမကပ်နိုင်ဘဲ သူဌေးသူကြွယ် ကုန်သည်ပွဲစား လူကုန်ထံများသာလျှင် စားသောက်နိုင်သောဆိုင်ဖြစ်သည်။

ထိပ်တန်းစားသောက်ဆိုင်၌ ဟင်းလျာမျိုးစုံနှင့် အရက်မျိုးစုံရရှိနိုင်ပြီး အလွန်ဈေးကြီးလှသည်မဟုတ်ပါလား။

ငွေကိုရေလိုသုံးဖြုန်းသူများသာ လာရောက်နိုင်သောဆိုင်ကြီးတွင် ချန်ထင်းသည် အမြဲတမ်း လာရောက်စားသောက်လေ့ရှိသော ဖောက်သည်တစ်ဦးဖြစ်သည်။

ချန်ထင်းမှာ လုရန်မြို့တွင် အချမ်းသာဆုံး သူဌေးကြီးချန်ကု၏ တစ်ဦးတည်းသောသားဖြစ်သည်။

ယနေ့။

ချန်ထင်းသည် သူငယ်ချင်းနှစ်ယောက်နဲ့အတူ လာရောက်စားသောက်လျက်ရှိသည်။

ချန်ထင်း၏ဝိုင်းသည် ရယ်မောသံ စကားပြောသံများဖြင့် ဆူညံနေပါသည်။

သူတို့သည် ဈေးအကြီးဆုံးဟင်းလျာများကို မှာစားကြသည်။

ဈေးအကြီးဆုံးအရက်ကို မှာသောက်ကြသည်။

ငွေကို ရေလိုသုံးနိုင်သောလူငယ်များပီပီ အပျော်သဘောလာရောက်စားသောက်ကြခြင်းလည်းဖြစ်သည်။

သူဌေးသားချန်ထင်း၏ အဖော်နှစ်ဦးမှာလည်း ချမ်းသာသည့်သားသမီးများဖြစ်ကြသည်။

လုံလိနှင့်ရှောင်စန်ဟု အမည်ရှိသောလူငယ်များ ဖြစ်ကြလေသည်။

ချန်ထင်း၊ လုံလိနှင့်ရှောင်တို့ သုံးယောက်အတွဲကို လူတိုင်းအော့ကြောလန်ကြသည်။

ချန်ထင်းတို့သည် သောက်စားမူးယစ်ပြီး ထင်ရာလုပ်တတ်ကြသူများမဟုတ်ပါလား။

မိဘများ၏အရှိန်အဝါကြောင့်သာလျှင် သူတို့အား မည်သူကမှမပြောဝံ့ကြခြင်းဖြစ်သည်။

ချန်ထင်းတို့သည် ဟေးလားဝါးလားဖြင့် ထိပ်တန်းစားသောက်ဆိုင်၌ စားသောက်ကြပြီးလျှင် တစ်ယောက်လည်ပင်းတစ်ယောက်ဖက်ကာ ဆိုင်ထဲမှ ဒယီးဒယိုင်ဖြင့် ထွက်လာခဲ့ကြသည်။

ဆိုင်အပြင်ဘက်လမ်းမပေါ်သို့ ရောက်သောအခါ လမ်းသွားလမ်းလာများကို အော်ဟစ်နောက်ပြောင်ကြသည်။

လမ်းဘေးဈေးသည်များ၏ ဈေးဗန်းများကို လုယူမှောက်ပစ်ကြ

သည်။

မြင်းလှည်းဖြင့်သွားလာသူများအား မရှောင်ဘဲလမ်းလယ်တွင် လျှောက်သွားကြသည်။

သုံးယောက်သား ထင်ရာစိုင်းနေကြပြီး တစ်နေရာသို့အရောက်တွင်..

"ငါတို့ မြို့ပြင်ကိုမရောက်တာကြာပြီ၊ သွားရအောင်"ဟု လုံလိက ပြောလာသည်။

ချန်ထင်းနှင့်ရှောင်စန်းတို့ကား မငြင်းကြဘဲ ချက်ချင်းသဘောတူလိုက်ကြသည်။

သူတို့သည် အမြဲတမ်းစိတ်တူကိုယ်တူရှိခဲ့သည်မဟုတ်ပါလား။

လုံလိက စလိုက်သည်နှင့်

"ကောင်းတယ်"

"သွားကြမယ်"

ချန်ထင်းနှင့်ရှောင်စန်တို့က အာလေးလျှာလေးဖြင့် ပြောလိုက်ကြ၏။

ထို့နောက် သူတို့သုံးယောက်သား သီချင်းများအော်ဆို၍ မြို့ပြင်ဘက်သို့ ထွက်သွားကြလေသည်။

မြို့ပြင်တွင် စိမ်းလန်းသောတောအုပ်မှ သစ်ပင်ပန်းမန်များဖြင့် သာယာလှပနေပါသည်။

အေးမြသောလေပြည်လေညင်းလေးများသည် ဝေ့ယမ်းတိုက်ခတ်နေ၏။

ချန်ထင်းတို့သည် မြို့ပြင်သို့ရောက်လာကြပြီဖြစ်သည်။

"ဟေး"

သူက အသံကုန်အော်လိုက်၏။

လုံလိနှင့်ရှောင်စန်းတို့က တဟားဟားရယ်မောလိုက်၏။

သူတို့သည် သစ်သီးများခူးကြသည်။ ပန်းများခူးကြသည်။ မြက်ခင်းပြင်ပေါ်လှဲချကာ လူးလိမ့်ကြသည်။

စိတ်ရှိတိုင်း လွတ်လပ်ပျော်ရွှင်နေကြသည်။

ချန်ထင်းက ပျော်ရွှင်လွန်းသဖြင့် ...

"ငါတော့ အိမ်မပြန်ချင်တော့ဘူး၊ ဒီမြက်ခင်းပြင်ပေါ်မှာပဲ အိပ်နေလိုက်ချင်တော့တယ်"

ဟု ပြောလိုက်သည်။

လုံလိက

"ဒါဖြင့်လဲအိပ်လိုက်လေ၊ ငါတို့လဲ အိမ်မပြန်ဘူး"

"ငါလဲ အိပ်မယ်"

ရှောင်စန်ကလည်း ဝင်ပြောလိုက်သည်။

ချန်ထင်းက

"တကယ်မပြန်ကြေးနော်"

"အိပ်လိုက်လေ"

သူတို့သည် ရယ်မောကာ မြက်ခင်းပြင်ပေါ်လူးလိမ့်နေလိုက်ကြပြန်တော့သည်။

သို့ဖြင့် မြက်ခင်းပြင်အစပ်သို့ ရောက်သွားကြသောအခါ မလှမ်းမကမ်းတစ်နေရာတွင် မီးခိုးများထွက်နေသည့် အိမ်ကလေး တစ်လုံးရှိနေသည်ကို တွေ့လိုက်ရသည်။

သုံးဦးသားစိတ်ဝင်စားသွားကြသည်။

"ဟိုမှာ အိမ်ကလေးတစ်လုံးပါလား"

"ဟုတ်တယ်ကွ၊ ဝါးနဲ့ဆောက်ထားပေမယ့် နေချင်စရာလေး"

ချန်ထင်း၏စကားကို လုံလိက ထောက်ခံလိုက်သည်။

ရှောင်စန်က

"အဲဒါ ပန်းစိုက်တဲ့ဇနီးမောင်နှံနှစ်ဦးရဲ့ အိမ်ကလေးပေါ့၊ သူတို့မှာ သမီးတစ်ဦးရှိတယ်၊ တော်တော်ချောတယ်ကွ"

ထိုစကားကြောင့် လုံလိနှင့်ချန်ထင်းတို့ခေါင်းထောင်ကြည့်ပြီး ရှောင်စန်းကို ကြည့်လိုက်ကြသည်။

လုံလိက

"မင်းက သိလို့လား"

ရှောင်စန်က

"ဘာကြောင့် မသိရမှာလဲ၊ ငါတို့အိမ်မှာ အလုပ်လုပ်တုန်းက ပန်းဝယ်ဖို့ငါ့အဒေါ်နဲ့ လိုက်လာခဲ့ဖူးတယ်၊ ပန်းခင်းပိုင်ရှင်ရဲ့သမီးက အတော့်ကို ချောတယ်ကွ"

ချန်ထင်းတို့ ပိုပြီးစိတ်ဝင်စားသွားကြသည်။

ရုတ်တရက် ရှောင်စန် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

“ဟော့.. ပြောရင်းဆိုရင်း ဟိုမှာလာနေပြီ”

ချန်ထင်းနှင့်လုံလိတို့သည် ရှောင်စန်ညွှန်ပြရာသို့ လှမ်းကြည့်သောအခါ ပန်းခြင်းတောင်းကို လက်ကဆွဲကာ အိမ်ထဲမှထွက်လာသည့် မိန်းမချောလေးတစ်ဦးကို တွေ့လိုက်ရသည်။

ချန်ထင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

“အတော်ချောတာပဲကွ”

လုံလိက

“ချန်ထင်း မင်းသဘောကျနေပြီလား”

“အေး”

“ဒါဖြင့် ဘာလုပ်နေတာလဲ”

“မင်းကြည့်နေ”

ချန်ထင်းက မြက်ခင်းပြင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

မိန်းကလေးသည် ချန်ထင်းတို့ရှိနေသည်ကို သတိမထားဘဲ သီချင်းလေးတအေးအေးဖြင့် လှမ်းလာနေသည်။

မြို့လယ်ဈေးသို့သွားကာ ပန်းရောင်းမည့်အသွင်ရှိလေ၏။

ချန်ထင်းမှာ မိန်းကလေးနှင့်ပတ်သက်လာလျှင်လည်း နာမည်ပျက်နေသူဖြစ်ပါသည်။

ယခုလည်း မိန်းမချောလေးတစ်ဦးကို တွေ့လိုက်ရသောအခါ လက်လွှတ်မခံလိုစိတ်များ ဖြစ်ပေါ်လာသည်။

ချက်ချင်းပင် မိန်းကလေးထံသို့ ပြေးသွားလိုက်၏။

သစ်ပင်များကြားမှ အော်၍ပြေးလာသည် ချန်ထင်းကိုမြင်လျှင် မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွား၏။

"အို.. အမေ့"

သူမ ခြေလှမ်းရပ်သွားသလို နောက်ဆုတ်သွားသည်။

ချန်ထင်းကိုလည်း ကြောက်ကြောက်လန့်လန့်ကြည့်၍

"ရှင်.. ရှင်"

ချန်ထင်းက ရယ်လိုက်သည်။

"မကြောက်ပါနဲ့ကွယ်၊ ကျုပ်ဟာ လုရန်မြို့စား သူဌေးသားချန်ထင်းပါ။ မြို့ပြင်အလည်အပတ်လာရင်း ဟဲ ဟဲ ချောမောလှပလွန်းတဲ့ ညီမကို တွေ့တာနဲ့"

စကားဆုံးအောင်မပြောဘဲ ရှေ့တိုးသွားသည်။

သူ၏ခန္ဓာကိုယ်မှ အရက်နံ့များတထောင်းထောင်းထနေသည်။

စိတ်တိုင်းကျ ပြေးလာရသဖြင့် အဝတ်အစားများသည်လည်းကောင်း၊ ဆံပင်များသည်လည်းကောင်း ဖရိုဖရဲဖြစ်နေသည်။

ချောမောသောလူငယ်တစ်ဦး၏ အသွင်ပျောက်၍ ကြောက်စရာကောင်းသည့်အသွင်ဖြစ်နေပါသည်။

မိန်းကလေးက

"ရှင်.. ရှင်ထွက်သွားပါ၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့"ဟု တောင်းပန်သည်။

ချန်ထင်းက

"ညီမရယ်. . ကျုပ်က ညီမကို ခင်မင်ချင်လို့ပါ ဟဲ ဟဲ"

"ရှင်... ရှင်"

မိန်းကလေးနောက်ဆုတ်သွားရာ ချန်ထင်းမချင့်မရဲ ဖြစ်သွားပြီး လက်ကိုလှမ်းဆွဲလိုက်သည်။

"အို..လွှတ်...လွှတ်"

သူမက ရုန်းလိုက်ရာ လက်ထဲမှ ပန်းခြင်းတောင်းလွတ်ကျသွားပြီး ပန်းများမြေပေါ် ပြန့်ကျဲသွားသည်။

မိန်းကလေးလွတ်မြောက်သွားခြင်းကြောင့် ချန်ထင်းက

"မင်း ဘယ်ပြေးမလဲ"

ရှေ့တိုး၍ သူမ၏ပခုံးကိုခပ်ကြမ်းကြမ်းပင် ဆုပ်ကိုင်မိ၏။

"လွှတ်...လွှတ်"

မိန်းကလေးသည် ရုန်းကန်ရင်း ပါးရိုက်ချလိုက်၏။

"ဖြန်း"

"အား"

ပါးပြင်တစ်ဖက် နာကျင်သွားခြင်းကြောင့် ချန်ထင်းလွှတ်ခနဲ အော်လိုက်သည်။

အရက်ရှိန်ဖြင့် ဒေါသထွက်သွားပြီး

"မင်း..ငါ့လက်က လွတ်မယ်ထင်သလား"

ဟု အော်ငေါက်ရင်း မိန်းကလေးအား အတင်းဝင်ရောက်လုံးထွေးလေသည်။

မိန်းကလေးကလည်း အကြောက်အကန်ရုန်းကန်သည်ဖြစ်ရာ အခြေအနေရှုပ်ထွေးသွားသည်။

စောင့်ကြည့်နေကြသည့် လုံလိနှင့်ရှောင်စန်းတို့လည်း ပြေးဝင်လာကြပြီး မိန်းကလေးအား ဝိုင်းဝန်းဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။

ယောကျ်ားလေးသုံးယောက်က ဝိုင်းဝန်းချုပ်ကိုင်လိုက်ကြရာ မိန်းကလေးမတတ်နိုင်တော့ချေ။

ရုန်းကန်ရင်း သူမ၏အဝတ်အစားများလည်း စုတ်ပြတ်ပြီး မလုံမလဲဖြစ်သွားတော့သည်။

အရက်မူးနေကြသော ချန်ထင်းတို့က ဘာဆိုဘာမှမစဉ်းစားကြတော့ပါချေ။

"ဟား ဟား ဟား"

"ဟီး ဟီး ဟီး"

သရဲဘီလူးစီးနေသည့် သူတို့၏ရယ်မောသံများသည် မိန်းကလေး၏တောင်းပန်တိုးလျှိုးသံကို ဖုံးလွှမ်းသွားလေသည်။

ရယ်သံများ တိတ်ဆိတ်သွားပြီဖြစ်သည်။

ငိုရှိုက်သံများ ထွက်ပေါ်လာသည်။

ပန်းရိုင်းလေးတစ်ပွင့် ကြွေလွင့်ခဲ့ရပြီတည်း။

မိန်းကလေးက ရှိုက်ကြီးတငင်ငိုကြွေးနေသည်။

ချန်ထင်းတို့သုံးယောက် အောင်နိုင်သူကြီးများပမာရှိနေကြပါတော့သည်။

ချန်ထင်းသည် ရွှေတုံးလေးတစ်တုံးအား မိန်းကလေးရှေ့သို့ပစ်ချ

ပေးလိုက်ပြီး..

“ရော့ မင်းအတွက် နစ်နာကြေး”

ဟုပြောလိုက်သည်။

ထို့နောက် ချာခနဲလှည့်ကာ ထွက်သွားရန်ဟန်ပြင်လိုက်သည်။

လုံလိနှင့်ရှောင်စန်တို့လည်း လိုက်သွားရန်ဟန်ပြင်လိုက်သည်။

မိန်းကလေးသည် သူမအားဖျက်ဆီးခဲ့သည့်ချန်ထင်းတို့အား မကျေနပ်နိုင်အောင်ဖြစ်နေသည်။

“လူယုတ်မာတွေ မြို့တော်ဝန်နဲ့သွားတိုင်မယ်”

ဟု ဒေါသတကြီးအော်ပြောလိုက်သည်။

“ဟင်”

ချန်ထင်းတို့ခြေလှမ်းရပ်သွားကြသည်။

မိန်းကလေးအား ကြည့်လိုက်ကြသည်။

မိန်းကလေးက

“လူယုတ်မာတွေ ကျွန်မဟာ အပေါစားမိန်းကလေးမဟုတ်ဘူး။ ကျွန်မဘဝကိုဖျက်ဆီးခဲ့တဲ့ ရှင်တို့ကို မြို့တော်ဝန်ထံတိုင်ပြီး အပြစ်ပေးအရေးယူခိုင်းမယ်”

သူမ ပြေးထွက်သွားတော့သည်။

ချန်ထင်းတို့ ထိတ်လန့်သွားကြသည်။

ချန်ထင်းက...

“မြို့တော်ဝန်နဲ့ သွားတိုင်ရင်ဒုက္ခပဲ”

"ငါတို့အရေးယူခံရတော့မယ်"

"အေး အပြစ်ပေးမခံရရင်တောင် အရှက်ကွဲတော့မယ်၊ ဘယ်လိုလုပ်ကြမလဲ"

လုံလိကော ရှောင်စန်ပါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြသည်။

ချန်ထင်းက

"ငါတို့ ဒီအတိုင်းလက်ပိုက်ကြည့်နေလို့တော့ မဖြစ်ဘူး"

ဟုပြောကာ ပြေးလိုက်သွားပြီး မိန်းကလေးသွားရာလမ်းကို လမ်းပိတ်ဟန့်တားထားလိုက်သည်။

လုံလိနှင့်ရှောင်စန်တို့လည်း ပြေးလိုက်သွားကြသည်။

သူတို့သည် မိန်းကလေးအား ဝိုင်းရံထားလိုက်ကြသည်။

ချန်ထင်းက

"ဟော့ မင်း ငွေဘယ်လောက်လိုချင်သလဲ ပြောစမ်းပါ၊ ပေးမယ်"

ဟု ဟောက်လိုက်သည်။

မိန်းကလေးက

"သြော် ရှင်က သူဌေးသားဆိုပြီး ငွေဂုဏ်မောက်နေတယ်ပေါ့လေ။ ကျွန်မတို့ဟာ ဆင်းရဲလို့ ပန်းရောင်းစားကြပေမယ့် ရှင်တို့လို ယုတ်မာတဲ့စိတ်ထားမရှိဘူး၊ ကျွန်မဘဝကို ငွေနဲ့ပေါက်ပြီး ဖျက်ဆီးလို့မရဘူး၊ ရှင်တို့ ထိုက်ထိုက်တန်တန် အပြစ်ပေးအရေးယူခံရအောင် မြို့တော်ဝန်ဆီမှာ သွားတိုင်မယ်"

သူမသည် ချန်ထင်းအား တွန်းဖယ်ကာ ထွက်သွားရန်ဟန်ပြင်လိုက်

သည်။

မည်သို့မျှဟန့်တား၍ ရမည်မဟုတ်ကြောင်း ချန်ထင်းတို့ သဘောပေါက်သွားကြသည်။

ချန်ထင်းက

"ခွေးမ နင်သေချင်ပြီထင်တယ်"

ဟု ငေါက်လိုက်သည်။

မိန်းကလေးကား လုံးဝဂရုမစိုက်ပါချေ။

ချန်ထင်းတို့အား ထိုက်တန်စွာအပြစ်ပေးအရေးယူခံရဖို့ ကြိုးစားတော့မည်ဖြစ်သည်။

ချန်ထင်းသည် မိန်းကလေးအား တားဆီးမရတော့သည့်နောက်ဆုံး ....

"ငါ့ကို ဒုက္ခပေးမယ်ဆိုရင် နင့်ကို ငရဲပြည်ပို့ပစ်မယ်"

အသင့်ဆောင်ထားသော ဓားမြောင်တစ်လက်ကိုထုတ်ကာ ခြိမ်းခြောက်လိုက်သည်။

မိန်းကလေးကား ဘဝပျက်ခဲ့ပြီဖြစ်ရကား ကြောက်ရွံ့စိတ်မရှိတော့ပါချေ။

"ရှင် သတ်ရဲရင်သတ်လိုက်စမ်း၊ ရှင်လဲ အသေစားသေစေ အပြစ်ပေးခံရမယ်ဆိုတာ မှတ်ထား"

ရင်ကော့ပြီး ရှေ့တိုးသွားလိုက်သည်။

ချန်ထင်းက

“မင်း.. မင်း”

မိန်းကလေးသည် သူထင်မှတ်သည်ထက်ပင် သတ္တိကောင်းသူ ခေါင်းမာသူဖြစ်နေသည် မဟုတ်ပါလား။

မြို့တော်ဝန်ထံသွားတိုင်လျှင် ဒုက္ခရောက်ရတော့မည်ဖြစ်ကြောင်း နားလည်ထားရကား။

“ဒီလောက်တောင် ဖြစ်လှတဲ့ကောင်မ သေပေတော့”

ဟု ကြုံးဝါးကာ ဓားမြှောင်ဖြင့်ထိုးစိုက်ချလိုက်သည်။ မိန်းကလေးက ရှေ့တိုးလာသည်ဖြစ်ရကား သူမ၏ရင်ဝကို တည့်တည့်မတ်မတ်စိုက်ချ ပြီးသားဖြစ်သွားလေသည်။

“အား”

မိန်းကလေး စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားသည်။

သူမ၏ရင်မှ ပန်းထွက်လာသောသွေးများသည် ချန်ထင်း၏မျက်နှာ ကို စင်သွားသည်။

ချန်ထင်း ကပျာကယာနောက်ဆုတ်လိုက်သည်။

“ဟင်”

“ဟာ”

လုံလိနှင့်ရှောင်စန်တို့သည် အထိတ်တလန့်ဖြင့် နောက်ဆုတ်လိုက် ကြ၏။

မိန်းကလေးမှာ မြေပေါ်ပုံလျက်သားလဲကျကာ အသက်ပျောက်နေပြီ ဖြစ်သည်။

လုံလိက

"ချန်ထင်း မင်း..မင်း.. သူ့ကိုသတ်ပြီ"

ဟု ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်သည်။

ချန်ထင်းက

"ငါ.. ငါ"

လက်ထဲမှဓားကို လွှတ်ချလိုက်သည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ ကြောက်လန့်နေ၏။

ရှောင်စန်က

"ငါတို့ဒုက္ခရောက်ပြီ ဘယ်လိုလုပ်ကြမလဲ"

ချန်ထင်းက

"ငါ ငါ မလုပ်တတ်တော့ဘူး"

ယခုမှ သုံးယောက်သား ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြလေသည်။

ထိုစဉ်..

"သမီး"

ကျယ်လောင်သောခေါ်အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချန်ထင်းတို့လှမ်းကြည့်လိုက်သောအခါ အမျိုးသမီးကြီးတစ်ယောက် ပြေးလွှားလာသည်ကို တွေ့မြင်လိုက်ရသည်။

"ပန်းသည်မလေးရဲ့အမေ လာနေပြီကွ"

ရှောင်စန်က အလန့်တကြား ပြောသည်။

ချန်ထင်း ဗျာများသွားပြီ..

“ငါတို့ ဘာလုပ်ကြမလဲ”

လုံလိက..

“ဘာလုပ်ရမလဲဆိုတာ နောက်မှစဉ်းစား၊ ခုလောလောဆယ်တော့ လွတ်အောင်ပြေးကြရအောင်”

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားသည်။

ချန်ထင်းနှင့်ရှောင်စန်တို့လည်း မနေနိုင်ကြတော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြသည်။

အမျိုးသမီးကြီးဟာ သေဆုံးနေပြီဖြစ်သော သမီးငယ်၏အလောင်းကိုမြင်လျှင်..

“အဖြစ်ဆိုးလှချည်းလား သမီးလေးရဲ့”

ပြေး၍ ပွေ့ဖက်ကာ အော်ဟစ်ငိုကြွေးရင်း ကျန်ရစ်ခဲ့လေသည်။

*